

စိမ့်စိမ့်အေး

# နတ်ကတော်

(၁)

“ မိတ်ဆက်ပေးရအုံးမယ် ကျွန်မတို့ ဌာနက ။ နခအကမနမ (ကထိက) ဦးအောင်ဇေပါ ဆရာမ ကတော့ တောင်ကြီးကပြောင်းလားတဲ့ ဒေါ်မိုးမခပါ ”

ပါမောက္ခ အစ်မကြီး၏ စကားကြောင့်လှမ်းကြည့်လိုက်သော မိုးမခသည် ဟန်ဆောင်နိူင် လောက်အောင်အံ့ဩသွားရလေသည် ။ ရှင်းသန့်သပ်ရပ်ကျော့ရှင်း ဝင်းပနေသော သူသည် မင်္ဂလာ သတို့ သားပုံပေါက်နေ၏ ။ ပိုးတိုက်ပုံအဖြူ လည်ကတုံး အဖြူတို့ သည် နှင့်ပွင့်ကဲ့သို့ ဆွတ်ဆွတ်ဖြူ နေပြီး ပိုးလွန်ကွက်စိပ်နက်ပြာရောင် ပုဆိုးကြောင့် ထိုသူ၏ ဝါဝင်းသောအသားအရည်သည် ဝင်းဆက်နေ၏ ။ မြင့်မားသောအရပ် နှင့် နက်မှောင်ပြောင်လက်နေသော ဆံပင်အုံထူထူ မတို မရှည်ကို နောက်လှမ်းဖီးထား၏ ။ ထူထဲသော မျက်ခုံးအောက်မှ ဝိုင်းစက်သော မျက်လုံးအစုံသည် အရောင်တလက်လက်ထွက်နေ၏ ။ နှာတံပေါ်ပေါ် နူတ်ခမ်းပါးပါး နှင့် ရိတ်ထားသော ပါးသိုင်းမွေး များ သည် စိမ်းဖန့်ဖန့် ရှိနေလေသည် ။

အံ့ဩမှ င်တက် နေသော မိုးမခအား အောင်ဇေသည် လက်ကမ်းပေးလိုက်ပြီး

ဩကြိုဆိုပါတယ်ဆရာမ လိုအပ်တာပြောပါဗျာ ဩ ဟု ပြောလိုက်ရာ မိုးမခသည် အောင်ဇေ ၏ လက်ကိုဆုတ်ကိုင်ပြီး

“ကျေးဇူးပါဆရာ ”ဟု မပွင့်တပွင့်လေးပြန် ပြော လိုက်လေသည် ။

“ခွင့်ပြုပါအုံ ကျွန်တော် ကလပ်စ်ရှိပါတယ် ခေါင်းညိမ့်နှုတ်ဆက်ပြီး ထွက်သွားသော အောင်ဇေကို လှမ်းကြည့်လိုက်မိသည် ။ ကတ္တီပါ နတ်ပြာရောင်ဖိနပ်ကြောင့် ခြေအစုံသည် ဖြူဖွေး ဝင်းလက်နေလေသည် ။ မိုးမခ ဘဝတွင် ဤမျှလောက် သပ်ရပ်ခန့်ညားသော ယောကျာ်းကို မတွေ့ဘူးသေးပါ။

ပါမောက္ခကြီးသည် ငေးမောနေသော မိုးမခ ကို ကြည့်၍ ပြုံးလိုက်ကာ

“ဆရာ ဦးအောင်ဇေကတော့ ဒီတက္ကသိုလ်ရဲ့ KINGဘဲ ဟု ပြောလိုက်၏ ။

ဒီလိုနှင့် အောင်ဇေနှင့် မိုးမခ ဆုံတွေ့ခဲ့ကြသည် ။ အောင်ဇေအနေဖြင့် မိုးမခကို ဖြူဖြူ သွယ်သွယ် ကျော့ကျော့ ရှင်းရှင်းဖြင့် ကြည့်ကောင်းသူတစ်ဦး အဖြစ်သာမြင်လေသည် ။ မိုးမခကတော့ အောင်ဇေကို မင်းသားတစ်ဦးလိုမြင်မိလေသည် ။

* * *